

ကတိသစ္စာကိုတန်ဖိုးထားသော

# အဖော်အချွတ်
# မိန်းမသားတစ်ဦးအကြောင်း

နှင့် ဖိုမပြဿနာဖြေရှင်းချက်များ

ဒေါက်တာထွန်းဝင်း

designed by moe kyaw (c.u)

## လူငယ်တွေ ကွန်ဒုံးဆောင်သင့် မဆောင်သင့် အငြင်းအခုံဖြစ်ရာမှ ပေါ်ထွက်လာသော မေးခွန်းအတွက် အဖြေ

ကျွန်တော်ထံသို့ မေးမြန်းချက်တစ်ခု ရောက်ရှိလာပါတယ်။ မေးမြန်းသူကတော့ လူငယ်တစ်ဦး ဖြစ်ပါတယ်။ သူဟာနယ်မှာနေထိုင်ပြီး HIV ကာကွယ်ရေး ဟောပြောပွဲတွေ တက်ရောက်ဖူးပါတယ်။ HIV ကာကွယ်ရေး ဟောပြောပွဲတစ်ခုမှာ သွားရောက်နားထောင်ရင်းနဲ့ HIV ဟောပြောသူအဖွဲ့က ကွန်ဒုံးထည့်ပြီး အိတ်ထဲမှာ ဆောင်ထားလို့ရတဲ့ သော့ချိတ်လေးတွေနဲ့ ကွန်ဒုံးတွေ ဝေပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး လူငယ်တွေကြားမှာ အယူအဆ နှစ်မျိုးကွဲပြားတယ်လို့ သိရပါတယ်။ ပထမတစ်မျိုးကတော့ သော့ချိတ်နဲ့ကွန်ဒုံးတွဲထားသလို ဖြစ်နေတော့ သွားလေရာ နေရာတကာ ကွန်ဒုံးက ကိုယ်နဲ့မကွာ ပါနေတယ်။ ဒီတော့ အဖော်ကောင်းလို့ ပြည့်တန်ဆာခန်းရောက်သွားရင် ကွန်ဒုံးကို လိုက်ရှာစရာ မလိုတော့ဘူး။ ကောင်းပါတယ်လို့ပြောပါတယ်လို့ ဆိုတယ်။

ဒုတိယ အမျိုးအစား လူငယ်တွေကတော့ သူတို့ထံမှာ ချစ်သူအသီးသီး ရှိကြတယ်။ အပျော်အပြတ် သမီးရည်းစားစုံတွဲတွေမဟုတ်ဘဲ မေတ္တာစစ်စစ်နဲ့ နှစ်နှစ်ကာကာ ချစ်ကြတာလို့ ဆိုပါတယ်။ လက်ထပ်ဖို့လည်း ရည်ရွယ်ထားပါတယ်။

ဒါပေမဲ့ အဲဒီထဲက တချို့ကတော့ မိမိရည်းစားအပေါ်မှာ သစ္စာရှိပြီး ဘယ်ကတစ်ယောက်တစ်ပါးနဲ့မှ ဖောက်ပြန်တာမဟုတ်လို့ ကွန်ဒုံး မဆောင်သင့်ဘူးလို့ ယူဆကြတယ်။ ကွန်ဒုံးဆောင်ခြင်းဟာ သစ္စာပျက်ခြင်းအတွက် အခွင့်အလမ်း တစ်ခုကို ပေါ်ပေါက်စေမယ်။ သူတို့ကတော့ သစ္စာကို အသက်နဲ့ထပ်တူ တန်ဖိုးထားတာဖြစ်လို့ ကွန်ဒုံးမဆောင်သင့်ဘူးလို့ ဆိုပါတယ်။

အဲဒီမှာ တစ်ခုပြောစရာရှိတာက ကျွန်တော်က HIV ကာကွယ်ရေးဆောင်းပါးတွေ၊ လုံးချင်း ပညာပေးတွေများစွာရေးဖူးပြီး ကွန်ဒုံးသော့ချိတ်အကြောင်းတောင် ဆောင်းပါးရေးခဲ့တာကို သူတို့ ဖတ်ဖူးတယ်။ ဒီတော့ သူတို့အုပ်စုနှစ်ခု ငြင်းကြတာ ဘယ်ဘက်ကမှန်လဲ၊ ဆရာရဲ့ ထင်မြင်ယူဆချက်ကို ရှင်းပါဦးရယ်လို့ ဆိုပါတယ်။

ဒီတော့ ရှင်းပြရမယ်ဆိုလို့ရှိရင် ဒုတိယအုပ်စုက သစ္စာရှိကြပြီး တစ်ပါးသူနဲ့သာ မဖောက်ပြန်တာ၊ မိမိရဲ့ဇနီးလောင်း သို့မဟုတ် ရည်းစားနဲ့ လက်မထပ်မီ လွှန်လွှန်ကျူးကျူး ဖြစ်တယ်လို့ ဆိုပါတယ်။

ဒီကိစ္စနဲ့ ပတ်သက်လို့ ဆရာ တွေ့ကြုံဖူးတာကတော့ သစ္စာရှိတဲ့ သမီးရည်းစားစုံတွဲဟာ လက်မထပ်ခင် လွှန်လွှန်ကျူးကျူး ဖြစ်နေကြပါတယ်။ ကွန်ဒုံးမသုံးဘူး။ သစ္စာရှိပြီး အပျော်အပါး မလိုက်စားတော့ HIV ဆိုတာ စိုးရိမ်စရာမရှိပါဘူး။ ဒီတော့ သူတို့က ဟိုမုန်းပါတဲ့ သန္ဓေတားဆေးတွေကို စားတယ်။ ဒါပေမဲ့ အဲဒါကလည်း ရာနှုန်းပြည့် ကိုယ်ဝန်ကို ကာကွယ်နိုင်တာ မဟုတ်ပါဘူး။ ဒီတော့ မတော်တဆ မိန်းကလေးများ ကိုယ်ဝန်ရှိသွားပါတယ်။ ဒါပေမဲ့ အဲဒီအချိန်မှာ နှစ်ယောက်လုံး ကျောင်းမပြီးသေးတဲ့

တက္ကသိုလ်ကျောင်းသားတွေပါ။ အလုပ်မရှိလို့ ဝင်ငွေမရှိသေးဘဲ မိဘတွေကိုလည်း ပွင့်ပွင့်လင်းလင်း မိမိတို့ရည်းစားအကြောင်း ဖွင့်မပြောရသေးလို့ လက်ထပ်ဖို့ အဆင်သင့်မဖြစ်သေးပါဘူး။ ဒီတော့ မိန်းကလေးရဲ့ ကိုယ်ဝန်ကိုဖျက်ချဖို့ ကြိုးစားရပါတော့တယ်။ ဆရာဝန်တွေကတော့ ဖျက်မပေးလို့ အရပ်လက်သည် ဘွားဘွားကြီးတစ်ယောက်နဲ့ ဖျက်ချခဲ့ရပါတယ်။ ဘွားဘွားကြီးက ကြိုးစားပြီး ဖျက်ပေမယ့် ကိုယ်ဝန်ကပျက်မသွားဘူး။ ဒီတော့ ဘွားဘွားကြီးက ပိုက်ဆံညာယူလိုက်ပုံက ကလေးဖျက်ရန် နောက်ရပ်ထပ်ချိန်းတယ်။ နောက်ရက်ကြတော့ ဘွားဘွားကြီးက ဈေးထဲသွားပြီး ဈေးထဲက ကြက်သားဆိုင်က ကြက်ရဲ့အဆုတ်ကိုဝယ်ပြီး ဖွက်လာတယ်။ ကလေးဖျက်တဲ့ အခန်းထဲလည်း ဘယ်သူမှ လိုက်ကြတာ မဟုတ်တော့ ဘွားဘွားကြီးက ကြက်ရဲ့အဆုတ်ကို မိန်းမကိုယ်ထဲ ထည့်လိုက်တယ်။ ပြီးတော့ မိန်းကိုယ်ထဲက ကြက်ရဲ့အဆုတ် ထွက်လာတော့ ဒါဟာ သန္ဓေသားလေး ပြုတ်ကျလာတာလို့ပြောပြီး ပိုက်ဆံယူလိုက်တယ်။ ဒီတော့ သူတို့ကလည်း ကလေးမရှိတော့ဘူးထင်ပြီး ပေါ့ပေါ့ပဲနေလိုက်တယ်။ ဒါပေမဲ့ ဓမ္မတာမလာလို့ ဘွားဘွားကြီးကို ပြန်ပြောတော့ ဘွားဘွားကြီးက ဒါမျိုးဖြစ်တတ်ပါတယ်လို့ပဲ ပြောတယ်။ ဒီလိုနဲ့ ကိုယ်ဝန်ငါးလလောက် အရောက်မှာ ဒါဟာ ကိုယ်ဝန်ကြီး ဖြစ်နေပါလားဆိုတာ သိရတော့တယ်။ အဲဒီတော့မှ ခြေမကိုင်မိ လက်မကိုင်မိဖြစ်ပြီး မိဘတွေကို ဖွင့်ပြောပြီး လက်ထပ်လိုက်တော့ ကိုယ်ဝန်က ခြောက်လဖြစ်နေပါပြီ။ လက်ထပ်ပြီး သုံးလအကြာမှာ မီးဖွားပါတယ်။ နှစ်ယောက်လုံး ကျောင်းဆက်မတက်နိုင်ပါဘူး။ ယောကျ်ားလေးက ကြုံရာကျပန်းအလုပ် လုပ်ရပါတယ်။

ဆရာ့အမြင် ပြောရရင်တော့ သမီးရည်းစားစုံတွဲတွေကြားမှာ ကွန်ဒုံးသုံးတာ ပိုကောင်းပါတယ်။ ဟိုမုန်းဆေးတွေက ကျန်းမာရေးထိခိုက်စေပါတယ်။ ဒီနေရာမှာ မေးခွန်းတစ်ခု ထပ်မေးစရာ ရှိပါတယ်။ ကွန်ဒုံးကရော ကိုယ်ဝန်ကို ရာနှုန်းပြည့် ကာကွယ်နိုင်လားလို့ မေးနိုင်ပါတယ်။ လိင်ဆက်ဆံတုန်း ကွန်ဒုံးပေါက်ပြဲပြီး ကိုယ်ဝန်ရှိတာမျိုး ရှိဖူးပါတယ်။ ဒါပေမဲ့ ကွန်ဒုံးကို စနစ်တကျသုံးမယ်၊ ဥပမာ ကွန်ဒုံးဟာ ရက်လွန်သက်တမ်း ဖြစ်မနေဘူး၊ ကွန်ဒုံးထုတ်တဲ့ကုမ္ပဏီက ကွန်ဒုံး အရည်အသွေး စမ်းပြီးဖြစ်မယ်၊ အသိအမှတ်ပြုခံရတဲ့ ကွန်ဒုံးမျိုးပေါ့။ ဥပမာ "အဖော်" ကွန်ဒုံးဆိုပါစို့။ နောက်ပြီး ကွန်ဒုံးသိုလှောင်သိမ်းဆည်းတုန်းက နေပူထဲမှာ မသိမ်းဘူး၊ ကွန်ဒုံးစွပ်နည်း စနစ်ကျမယ်စတဲ့ ကွန်ဒုံးစည်းကမ်းတွေကို လိုက်နာရင် ကွန်ဒုံးဟာ မပေါက်ပြဲပါဘူး။

နောက်တစ်ခုက ကွန်ဒုံးဆောင်ထားတိုင်း ပြည့်တန်ဆာအိမ်သွားမယ်ဆိုတဲ့ ရည်ရွယ်ချက် မရှိပါဘူး။ ဆရာဆိုရင် ကြီးတောင်ကြီးမားနဲ့ မိမိရဲ့ ပိုက်ဆံအိတ်ထဲမှာ ကွန်ဒုံးဆောင်ထားပါတယ်။ ဘယ်ပြည့်တန်ဆာအိမ်မှ မသွားခဲ့ပါဘူး။ Taxi ငှားစီးတဲ့အခါ Taxi သမားနဲ့ စကားစပ်မိလို့ ကွန်ဒုံးလက်ဆောင်ပေးခဲ့တာရှိတယ်။ တစ်ခါတလေ ဆိုက်ကားသမားကို လက်ဆောင်ပေးခဲ့တယ်။ ဆိုက်ကားသမားတစ်ယောက်က ပြန်ပြောတာကတော့ သူက လူတစ်ယောက်ကို တည်းခိုခန်းလိုက်ပို့တာနဲ့ ကြုံလို့ ကွန်ဒုံးလက်ဆောင်ပေးတော့ ဟိုက ကျေးဇူးတင်တယ်လို့ဆိုပါတယ်။

တစ်ခါတုန်းက ဆရာက NGO ရုံးတစ်ရုံးမှာ အလုပ်လုပ်တုန်း နိုင်ငံခြားသူ ဒါရိုက်တာမမရဲ့ အနီးကပ်ရာထူးမှာ အလုပ်လုပ်ခဲ့ပါတယ်။

အဲဒီတုန်းက အိမ်သာတွေက ရေချိုးခန်းအိမ်သာ၊ ရုံးခန်းတွဲလျက်တွေဖြစ်ပြီး ရေချိုးခန်း အိမ်သာတွဲတစ်ခုကို ဒါရိုက်တာမမရယ်၊ ဆရာရယ် နှစ်ယောက် တည်းပဲသုံးတယ်။ တခြား NGO တစ်ခုက အလည်ရောက်လာပြီး ဆရာနဲ့ ဒါရိုက်တာမမသုံးတဲ့ ရေချိုးခန်းအိမ်သာထဲမှာ ကွန်ဒုံးဘူးကြီးလာထားသွားတယ်။ အဲဒီတော့ စဉ်းစားသာ ကြည့်ကြပါတော့။ နှစ်ယောက်တည်းသုံးတဲ့ ရေချိုးခန်းထဲကို ဒါတွေလာထားသွားတော့ ဘယ်လိုအဓိပ္ပာယ် သက်ရောက်သွားမလဲ။ ဒါရိုက်တာမမက အပျိုကြီးဖြစ်ပေမယ့် နိုင်ငံလေးနိုင်မှာ အမှုထမ်းဖူးတော့ ဒီလိုအိမ်သာထဲမှာ ကွန်ဒုံးထားပေးတာ ကြုံဖူးလို့ ရိုးနေပြီ။ ဒါဟာ လုပ်ထုံးတစ်ခုပဲဆိုတာ သူနားလည်တယ်။ ဘာမှမပြောပါဘူး။ မကြုံဘူးတဲ့ NGO က လုပ်သက်နုဝန်ထမ်း မိန်းကလေးတွေရဲ့ အိမ်သာထဲလည်း အဲဒါတွေ ဝင်ပြီးထားသွားတော့ ပထမပိုင်းမှာ နည်းနည်းကသိကအောက် ဖြစ်ပေမယ့် NGO တွေက လုပ်ထုံးကို အမီလိုက်တဲ့နှုန်းက သိမ်မြန်တယ်။ ဒါဟာ လုပ်ထုံးပဲဆိုတာ ရှင်းပြတော့ လက်ခံတယ်။

ယခုအခါ ဂျာနယ်တွေမှာ ကြားမိတာကတော့ Taxi တွေ၊ ဘတ်စ်စကားတွေထဲမှာ မီးသတ်ဘူး ဆောင်ထားရမယ်လို့ သိရပါတယ်။ ဆရာက ထပ်ဆင့် နှိုးဆော်ချင်တာကတော့ မီးသတ်ဘူးလည်း ဆောင်ရမယ်၊ ကွန်ဒုံးလည်း ဆောင်ရမယ်လို့ ဆိုပါရစေလား။

*

# ဉာဏ်ဖြင့်ယှဉ်တွဲရမည့်
# သင်္ကြန်ပျော်ရွှင်မှု

ဘာလိုလိုနဲ့ မြန်မာပြက္ခဒိန်အရ တစ်နှစ်ကုန်တော့မှာဖြစ်ပြီး သင်္ကြန်ကာလကို ရောက်လာတော့မှာ ဖြစ်ပါတယ်။ ဤ၌တွင် ကျွန်တော်၏ လက်ကိုင်ဖုန်းလေး အသံမြည်လာရာ ကောက်ကိုင်လိုက်ရာ အယ်ဒီတာအဖွဲ့ဝင်တစ်ဦးထံက ဖြစ်ပါတယ်။ အပတ်စဉ်ဆောင်ပါးတွေ ရေးပေးနေတာ ကြာလှပြီဖြစ်ပြီး ဆောင်းပါးခေါင်းစဉ်တွေကို ကျွန်တော်ကပဲ အလျဉ်းသင့်သလို ရေးခဲ့ပါတယ်။ ယခုအခါမှာတော့ သင်္ကြန်ကာလဆိုတော့ သင်္ကြန်အကြောင်း ရေးပေးပါလို့ မေတ္တာရပ်ခံလာပါတယ်။

သင်္ကြန်ကာလမှာ သင်္ကြန်ဆောင်းပါးက ရေးသင့်တာ အမှန်ပါ။ ဒါပေမဲ့ ကျွန်တော် ရေးမယ်လို့ ရည်ရွယ်မထားလို့ ခေါင်းစဉ်နဲ့ အကြောင်းအရာကို နည်းနည်းစဉ်းစားရပါတယ်။ ကျွန်တော့် အသက်ကလည်း တစ်နှစ်ထက်တစ်နှစ် ပို၍ကြီးလာပြီဆိုတော့ ဘာလုပ်ပဲလုပ်လုပ် ကုသိုလ်တစ်ခုခု ရချင်ပါတယ်။ ဒီတော့ သင်္ကြန်ဆောင်းပါးရေးတာလည်း အနည်းဆုံးတော့ အုတ်တစ်ချပ် သဲတစ်ပွင့်စာ အကျိုးရှိတာမျိုး ရေးချင်ပါတယ်။ ဥသြငှက်တွေရဲ့ ချိုသာတဲ့အသံ၊ ပိတောက်ပွင့်တွေရဲ့ အလှတရားတွေကို စာမဖွဲ့ချင်တော့ပါဘူး။ ခေတ်သစ်သင်္ကြန်မှာ ဘာတွေထူးခြားနေလဲ လေ့လာလိုက်တော့ အန္တရာယ်ပေါင်းများစွာရှိရာ

ထင်ရှားတဲ့အန္တရာယ်တွေကတော့ ...

(၁) ထူးထူးခြားခြား မြင့်တက်နေတဲ့ ခရမ်းလွန်ရောင်ခြည်အန္တရာယ်၊

(၂) အရက်အလွန်သောက်ပြီး ကားမောင်းတော့ ကားအက်စီးဒင့် အန္တရာယ်၊

(၃) ရေပက်ခံကားပေါ်မှာ လူငယ်၊ လုံမငယ်တို့ စုံတွဲတွေဖက်ကြ၊ ပွေ့ကြပြီး တစ်ဆင့်တက်ကာ ကားရပ်နားစဉ်မှာ ဆိတ်ကွယ်ရာသွားပြီး လွန်လွန်ကျူးကျူးဖြစ်၍ ကိုယ်ဝန်ရနိုင်သော အန္တရာယ်တွေဟာ ဖြစ်နိုင်ချေ မြင့်မားနေပါတယ်။

ဒီတော့ ဆောင်းပါးရေးရင် သင်္ကြန်မှာ အရက်မသောက်ဖို့၊ နေပူထဲမထွက်ဖို့၊ သမီးရည်းစားစုံတွဲတွေ လျှောက်မလည်ဖို့နဲ့ တရားစခန်းဝင်ကြဖို့ပဲရေးရင် လက်ခံနားထောင်မယ့်သူရှားမှာဖြစ်ပြီး ဒီဆောင်းပါးက စာရေးဆရာ စာမူခရသွားတာကလွဲ၍ နားထောင်မယ့်သူမရှိ၍ သိပ်ပြီးအကျိုးမပြုတော့ဘူးလို့ ထင်လို့ ယခုဆောင်းပါးကတော့ ဉာဏ်ဖြင့်ယှဉ်၍ ပျော်ကြပါလို့ပဲ ရေးလိုက်မိပါတယ်။

ကျွန်တော်ရဲ့စိတ်ဟာ လွန်ခဲ့တဲ့ နှစ် ၄၀ ကျော်ကာလများဆီသို့ ပြန်လည်ရောက်ရှိသွားပါတယ်။ ကျွန်တော်လည်း (၁၇)နှစ်သားလောက်။ ဆယ်ကျော်သက်ဘဝက သူငယ်ချင်း (၆)ယောက် ဂျစ်ကားတစ်စီးပေါ်မှာ ရေပက်ခံထွက်ခဲ့ကြပါတယ်။ သူငယ်ချင်းတစ်ဦးက သူ့ရဲ့မိတ်ဆွေ မိန်းကလေး(၆)ယောက်လောက်ကို သွားခေါ်ဦးမယ်ဆိုကာ သွားပြီးခေါ်သဖြင့် အသက်(၁၆)နှစ် (၁၇)နှစ်လောက် ကျွန်တော်တို့နဲ့ ရွယ်တူကောင်မလေးတစ်သိုက်

ကားပေါ်ရောက်လာပါတယ်။

ဒါနဲ့ ကားကလူအပြည့်ဖြစ်သွားပြီး မတ်တတ်ရပ်လျက် ရေပတ်ခံကြပါတယ်။ မဏ္ဍပ်တွေ (၄)ခုလောက် ရေပက်ခံပြီးတော့ ကျွန်တော့်ရဲ့သူငယ်ချင်းတွေသည် ကောင်မလေးများကို ဖက်ထားလျက် ရှိပါတယ်။ ထိုအခါ အံ့ဩမိတော့တယ်။ ကျွန်တော်သိသလောက်တော့ ဒီကောင်တွေမှာ ရည်းစားမရှိ၊ ယခုကောင်မလေးတွေကိုလည်း အချိန်တိုအတွင်း ရည်းစားစကားပြောလိုက်တာမဖြစ်နိုင်။ သမီးရည်းစားလည်း မဟုတ်ဘဲနဲ့ ခပ်တည်တည်နဲ့ OK နေကြပါတယ်။ ဒါနဲ့ကျွန်တော်လည်း ရှည်ရှည်ဝေးဝေးမစဉ်းစားတော့ဘဲ နောက်ထပ်မဏ္ဍပ်တစ်ခုအရောက်မှာ ကျွန်တော်ဘေးမှာ ရပ်နေတဲ့ ကျွန်တော်နဲ့ နာမည်ချင်းတောင်မသိတဲ့ ကောင်မလေးကို ခပ်တည်တည် ဖက်ထားလိုက်ပါတယ်။ ကောင်မလေးကလည်း မရုန်းကန်ဘဲ ခပ်တည်တည် ကျွန်တော်ရဲ့ ရင်ဘတ်ပေါ်မှာ ခေါင်းမှီထားပါတယ်။

မဏ္ဍပ်တစ်ခုရဲ့ ရေပြွတ်တွေအောက်က ကားပြန်ထွက်တော့ ကျွန်တော်တို့ လူချင်းခွာလိုက်ပါတယ်။ ထိုအခါ ကျွန်တော်ကလည်း အတွေ့အကြုံမရှိ၊ ဖက်တုန်းကဖက်ပြီး နောက်ပိုင်းဖက်လိုက်မိတာကို လန့်နေပါတယ်။ ကိုယ့်ရည်းစားလည်း မဟုတ်ဘဲ ဒီလိုလုပ်တာ မကောင်းဟု ထင်မိပါတယ်။ ဒါနဲ့ရည်းစားစကားပြောရင် ကောင်းမလား စဉ်းစားတော့ မိမိက အရင်ဖက်လိုက်မိတော့ နောက်ကျခဲ့ပြီဖြစ်ပါတယ်။ ဒီလိုစဉ်းစားတုန်း နောက်ထပ်မဏ္ဍပ်တစ်ခုကိုဝင်တော့ ရေပြွတ်တွေ ဝိုင်းချိန်ပါတော့တယ်။ ထိုအခါ ကောင်မလေးက စတင်၍ ကျွန်တော့်ကို ဖက်ထားလိုက်ပါတယ်။ ဒါဆိုရင် ကျေပြီပေါ့။ အပြစ်မရှိတော့ဘူး။ ပထမတစ်ခါ ကိုယ်က စဖက်တယ်။ နောက်တစ်ခါ သူကစဖက်တယ်။

ဒီတော့ တော်ပါသေးရဲ့လို့ ဆိုရပါမယ်။ ဒါတွေကိုရေးပြနေရတာကတော့ အတုယူဖို့ ပြောနေတာ မဟုတ်ပါ။ ကျွန်တော်ဆိုလိုချင်တာကတော့ အဲဒီခေတ်က ခရမ်းလွန်ရောင်ခြည်ဆိုတာ အန္တရာယ်မရှိသေးပါဘူး။ ကျွန်တော်တို့လည်း ဖက်ရုံကလွဲလို့ ဘာမှ လွန်လွန်ကျူးကျူး မဖြစ်ပါဘူး။ ယခုခေတ်မှာတော့ အဲဒီလိုဖက်ပြီး နောက်ထပ် လွန်လွန်ကျွံကျွံတွေဖြစ်ကုန်တယ်။ ပြီးတော့ အရေးပေါ် သန္ဓေတားဆေးတွေ စားကြရတယ်ဆိုတာ သိရပါတယ်။

ပြီးတော့ မဟုတ်တာ လုပ်နေတာတွေကို အင်တာနက်ပေါ် တင်ကြပြန်ပါတယ်။ လွန်ခဲ့တဲ့ နှစ်(၄၀)က အင်တာနက် မပေါ်သေးသလို HIV ရောဂါလည်း မပေါ်သေးပါ။ ဒါ့တောင် ကျွန်တော်တို့ မကဲကြပါဘူး။ ဂျစ်ကားပေါ်မှာ အရက်သောက်ဖို့ ကျွန်တော်တို့ သတိမရကြပါဘူး။ ဒီတော့ ကားကိုလည်း မြန်မြန် မမောင်းဖြစ်ဘဲ ခိုက်ရန်လည်း မဖြစ်ကြပါဘူး။ ဒီတော့ ကျွန်တော် ပြန်လည်ဆန်းစစ်တော့ ....

(၁) မိန်းကလေးတွေကိုဖက်တဲ့ မကောင်းမှု၊

(၂) တစ်ဆင့်တက်ပြီး လွန်လွန်ကျွံကျွံဖြစ်တဲ့ မကောင်းမှု၊

(၃) အရက်သောက်တဲ့ မကောင်းမှု၊

(၄) ကားအမြန်မောင်းတဲ့ မကောင်းမှု၊

(၅) ခိုက်ရန်ဖြစ်တဲ့ မကောင်းမှု၊

(၆) ခရမ်းလွန်ရောင်ခြည်ထဲက ထွက်တဲ့ မကောင်းမှု၊

ဟူ၍ မကောင်းမှု(၆)မျိုးမှာ ဖက်တဲ့မကောင်းမှုတစ်မျိုးပဲ

ကျူးလွန်ပါတယ်။

ဒီတော့ ကျွန်တော်တို့ အန္တရာယ်ကင်းစွာ သကြံန်ကိုဖြတ်သန်းကြတယ်။ မကောင်းမှုကို အနိုင်နဲ့ပိုင်းသလို ဖြစ်သွားပါတယ်။ ရုံးရောက်၊ ဂါတ်ရောက်၊ ဆေးရုံရောက်တွေ မဖြစ်ကြပါဘူး။ ဥပမာတစ်ခုပေးရရင် ဘီပိုးရှိတိုင်း အသည်းကင်ဆာဖြစ်ဖို့ ခဲယဉ်းပါတယ်။ စီပိုးရှိတိုင်းလည်း အသည်းကင်ဆာဖြစ်ဖို့ ခဲယဉ်းပါတယ်။ အရက်သောက်သူတိုင်းလည်း အသည်းကင်ဆာဖြစ်ဖို့ ခဲယဉ်းပါတယ်။ ဒါပေမဲ့ ဘီပိုးလည်းမရှိ၊ စီပိုးလည်းမရှိ၊ အရက်လည်းသောက်၊ မှိုတက်တဲ့အခါလည်းစား ဆိုရင်တော့ အသည်းကင်ဆာ ဖြစ်နိုင်ပါပြီ။

ကျွန်တော်တို့ သကြံန်မှာ ပျော်ခဲ့ပေမယ့် ဉာဏ်နဲ့ထိန်းထားခဲ့ပါတယ်။ အသက်ကို ဉာဏ်စောင့်တယ် ဆိုတဲ့စကားက ဒါမျိုးကိုခေါ်တာ ဖြစ်ပါတယ်။ သကြံန်မှာ အရက်မသောက်တာ အကောင်းဆုံးပါ။ အရက်သောက်ရင်လည်း ကားပေါ်မတက်ဘဲ သစ်ပင်ရိပ်တစ်ခုခုမှာ အေးအေးဆေးဆေး သွားသောက်ပြီး အမူးပြေမှ ကားပေါ်တက်တာ ကောင်းပါတယ်။

မကောင်းမှုဆိုတာ နှစ်ခုသုံးခု ပြိုင်တူလုပ်ရင် ပြဿနာတတ်ပါတယ်။ ဒါကြောင့် ပျော်သင့်သလောက်ပဲ ပျော်၊ ဉာဏ်နဲ့လည်း ထိန်းလို့ ဆိုချင်ပါကြောင်း။

*

## ရှက်စရာမဟုတ်သောအရာများနှင့် ကာကွယ်ရေးဗျူဟာ

မကြာမီက ဂျာနယ်တစ်စောင်မှာ သတင်းဆန်းတစ်ခုကို ဖတ်ခဲ့ရပါတယ်။ ဘာလဲဆိုရင် ဗြိတိန်နိုင်ငံရဲ့ ဘုရင်မကြီး အဲလစ်ဇဘတ်ဟာ ယခုအခါ အရှက်ကြီး ရှက်နေတယ်လို့ ဆိုပါတယ်။

ဘုရင်မကြီးရဲ့သားတော်အလတ်ကတော့ အင်ဒရူးမင်းသားဖြစ်ပါတယ်။ သူဟာ အိမ်ရှေ့စံ ချားလ်းမင်းသားရဲ့ ညီတော်ဖြစ်ပြီး သူ့ရဲ့သက်တော်ကတော့ (၆၀)ကို တော်တော်ကျော်နေပါပြီ။

ကမ္ဘာပေါ်မှာ မင်းညီမင်းသား၊ ထင်ပေါ်ကျော်ကြားသူ၊ ဘီလျံနာသူဌေးများ ၊ အနုပညာရှင်များ၊ နိုင်ငံရေးသမားများကို အညှာကိုင်ပြီး ငွေညစ်ချင်တဲ့လူတွေ ရှိပါတယ်။ မရိုးဖြောင့်တဲ့ လူတစ်ဦးဟာ အင်ဒရူးမင်းသားနဲ့ ခင်အောင်ပေါင်းပြီး အင်ဒရူးမင်းသားကို သူပိုင်တဲ့ ကျွန်းနယ်မြေတစ်ခုက ဇိမ်ခံဟိုတယ်ကြီးမှာ အပန်းဖြေဖို့ ဖိတ်ကြားပါတယ်။ ထိုစဉ်က အင်ဒရူးမင်းသားရဲ့အသက်ဟာ (၄၀)ခန့်သာ ရှိပါသေးတယ်။ အပန်းဖြေစခန်းရောက်တော့ မင်းသားကို အစားအသောက် ၊ အရက်တို့နဲ့ ဧည့်ခံရုံမကဘဲ ပြည့်တန်ဆာနဲ့ပါ ဧည့်ခံပါတယ်။ မင်းသားကလည်း အသက်(၁၆)နှစ်အရွယ် ပြည့်တန်ဆာမလေးနဲ့

ပျော်ပါးခဲ့ပါတယ်။ မင်းသားနဲ့ ပြည့်တန်ဆာမလေးတို့ရဲ့ လိင်ဆက်ဆံပုံကို CCTV ကင်မရာတွေ ရိုက်ထားတာတို့ ဘာတို့တော့ အနံ့ထွက်မလာပါ။ ဓာတ်ပုံတွေ အင်တာနက်ပေါ် မရောက်ပါ။

သို့သော် ယခုအခါ အသက်(၃၆)နှစ်ရှိပြီး ကလေး(၃)ယောက်မိခင်ဖြစ်လာတဲ့ မိန်းကလေးက သူမ အသက်(၁၆)နှစ်တုန်းက မင်းသားနဲ့ ညအိပ်ဖူးကြောင်း မီဒီယာတွေကို ရှင်းပြ၊ ရှင်းလင်းပွဲလုပ်ရာ လှုပ်ခတ်မှုတွေ ဖြစ်ကုန်သွားပါတော့တယ်။

နည်းနည်း ကသိကအောက် ဖြစ်သွားရတာကတော့ မင်းသားက လိင် မဆက်ဆံမီ ကောင်မလေးရဲ့ ခြေချောင်းလေးတွေကို ပါးစပ်နဲ့ စုပ်ပါတယ်ဆိုပြီး ပြောတော့ ပြဿနာတက်ကုန်ပါတော့တယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ဗြိတိန်ဘုရင်မကြီးက ရှက်နေတယ်လို့ ဆိုပါတယ်။ မဟာဆီမဟာသွေး မင်းသားက တော်ဝင်သွေးဆိုတော့ သူများက သူတို့ကို ရှိခိုးရတာဖြစ်ပြီး သူက ကောင်မလေးရဲ့ ခြေချောင်းတွေကို စုပ်တယ်ဆိုတော့ ကသိကအောက် ဖြစ်ကုန်ကြတာ ဖြစ်ပါတယ်။

ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်ရဲ့အမြင်ကို တင်ပြရရင်တော့ ကျွန်တော်ဟာ မြန်မာ့ရာဇဝင်ရော၊ ကမ္ဘာ့ရာဇဝင်တချို့ကိုပါ ဖတ်ဖူးတော့ မင်းညီမင်းသား တော်တော်များများ ဘာတွေလုပ်ခဲ့လဲ သိပါတယ်။ ဒီတော့ အင်ဒရူးမင်းသားဟာ ရှုတ်ချရမယ့် စာရင်းထဲမှာတော့ မပါဘူးလို့ ယူဆတယ်။ ရှုတ်ချထိုက်တဲ့ မင်းသားဆိုတာကတော့ နန်းလုတဲ့မင်းသား၊ မိမိ ဘုရင်ဖြစ်ချင်လို့ ဖခင်ကိုသတ်တဲ့ မင်းသား ဥပမာ အဇာတသတ်မင်းသား စတာတွေပါ။ တချို့ကလည်း တိုင်းပြည်ရေး စီမံခန့်ခွဲမှုညံ့တဲ့ဘုရင်၊

မင်းသားတွေဆိုရင် ရှုတ်ချထိုက်ပါတယ်၊ ဒါ့အပြင် သက်ဦးဆံပိုင်ခေတ်မှာ မိန်းကလေးတစ်ယောက်ကို လက်ညှိုးထိုးပြီး တော်ကောက်သိမ်းပိုက်လိုက်တာဆိုရင် မကောင်းပါဘူး။ ယခု အင်ဒရူးမင်းသားကတော့ လျှို့ဝှက်ပြည့်တန်ဆာခန်းကိုသွားတာပါ။ ပြည့်တန်ဆာကလည်း အခကြေးငွေရတော့ အခမ္ဘကိစ္စ မပါဝင်ပါဘူး။ အင်ဒရူးမင်းသားဟာ ဒီမိုကရေစီ ဆန့်ကျင်တဲ့ကိစ္စတွေ ဘာတစ်ခုမှ မလုပ်ခဲ့ပါဘူး။ ဒီတော့ သူ့ကိုတော့ မကဲ့ရဲ့ချင်ပါဘူး။

ဒါ့ပြင် အင်ဒရူးမင်းသားဟာ ဖောက်ကလင်းကျွန်းစစ်ပွဲမှာ ကိုယ်တိုင် တိုက်လေယာဉ်မောင်းပြီး စစ်တိုက်ခဲ့ပါတယ်။ အင်ဒရူးမင်းသားဟာ သူ့ကိုယ်သူ မဟာဆိမဟာသွေးဆိုပြီး ဘဝင်မြင့်ပြီး သူ့ရဲ့ခြေချောင်းတော်ကို ပြည့်တန်ဆာမကို စုပ်ခိုင်းတာ မဟုတ်ပါဘူး။ သူကသာ ပြည့်တန်ဆာမိန်းကလေးရဲ့ ခြေချောင်းတွေကို စုပ်တာဖြစ်လို့ ရာဇဂုဏ် မမောက်ဘူးလို့ ကောက်ချက်ချနိုင်ပါတယ်။ ဒါ့ကြောင့် ဗြိတိန်ဘုရင်မကြီးအနေနဲ့ သိပ်ပြီးရှက်မနေသင့်ပါဘူး။

သူတစ်ပါးတွေရဲ့ လိင်ကိစ္စကို CCTV ကင်မရာနဲ့ ခိုးရိုက်ပြီး အရှက်ခွဲတဲ့ အလေ့အကျင့်ကတော့ ရှက်စရာ ကောင်းပါတယ်။ တက္ကသိုလ် ကျောင်းသား ကျောင်းသူတွေ ၊ အနုပညာရှင်တွေရဲ့ မဖွယ်ရာပုံတွေ CCTV ခိုးရိုက်ခံရပြီး အင်တာနက်ပေါ် အတင်ခံရတာဟာ ပြုပြင်ရမယ့် အမူအကျင့်တွေ ဖြစ်ပါတယ်။

တစ်ခါတုန်းက ကောလိပ်ကျောင်းသားတစ်ယောက်ဟာ သူ့ရဲ့ချစ်သူကို ခိုးပြေးခဲ့ပါတယ်။ နယ်မြို့လေးကို ခိုးပြေးပြီး တည်းခိုခန်းအငယ်စားတစ်ခုမှာ တည်းခိုကြပါတယ်။ တည်းခိုခန်းက ခပ်ညံ့ညံ့ဆိုတော့ အိပ်ခန်းကို သုံးထပ်ပြားနဲ့ပဲ ကာထားနိုင်ပါတယ်။

သုံးထပ်ပြားနံရံမှာ ကလေးဝါးတဲ့ ပီကေဝါးဖက်လေးတွေ ကပ်နေပါတယ်။ ပီကေဖက်လေးကို ဖယ်ကြည့်လိုက်တော့ အပေါက်လေးတွေ တွေ့ရပါတယ်။ လက်စသတ်တော့ ချောင်းကြည့်ဖို့ ကြံထားတာပါ။ ကောလိပ်ကျောင်းသားက ပြုံးလိုက်ပါတယ်။ သူရဲ့သေတ္တာကို ဖွင့်လိုက်တော့ အလွန်ထူပြီး ဖောင်ထွင်းမမြင်ရတဲ့ ပိတ်ထူခြင်ထောင်ကြီး ထွက်လာပါတယ်။ ၎င်းခြင်ထောင်ကို ထောင်ပြီးမှ လင်မယား အိပ်ကြပါတယ်။

ချောင်းကြည့်ဖို့ ကြံထားတဲ့သူတွေထက် တစ်ကွက်ဦးသွားတာဖြစ်ပါတယ်။ ချောင်းကြည့်ဖို့ ကြံထားတဲ့ သူတွေလည်း တော်တော်ခက်တယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။ သူများရည်းစားစုံတွဲ ခိုးပြေးလာတော့ ဆန်းသလားလို့ မေးသင့်ပါတယ်။ တကယ်ဆိုရင် သူတို့က ရှက်စရာမကောင်းဘဲ မိမိတို့ကသာ ရှက်စရာကောင်းနေပါတယ်။ စုံတွဲတွေဘက်ကလည်း ဒီလိုကိစ္စမျိုးကို ကာကွယ်ရန် သတိရှိရှိ နေသင့်ပါကြောင်း။

*